# တရားမဝင် အလုပ်လုပ်ခြင်း သို့မဟုတ် နေရာချထားခြင်းမှ ရှောင်ကြဉ်ပါ

FDHs နှင့် အလုပ်ရှင်များအတွက်



- နိုင်ငံရပ်ခြား **အိမ်အကူများ (FDHs) သည် အိမ်အကူ တာဝန်များကိုသာ လုပ်ဆောင်**သင့်ပါသည်။ ဥပမာ - အိမ်မှုကိစ္စများ၊ ချက်ပြုတ်ခြင်း၊ မိသားစုအတွင်းရှိ သက်ကြီးရွယ်အိုများနှင့် ကလေးများကို ပြုစုစောင့်ရှောက်ခြင်း၊ စသည်ဖြင့်။

- FDHs သည် ပိတ်ရက်များတွင် အချိန်ပိုင်းအလုပ်များကို မလုပ်သင့်ပါ။ **အချိန်ပိုင်းအလုပ်လုပ်ကိုင်သော FDH နှင့် အလုပ်ရှင်နှစ်ဦးစလုံးသည် လူဝင်မှုကြီးကြပ်ရေးဥပဒေကို ဖောက်ဖျက် ကျူးလွန်မည် ဖြစ်ပြီး တရားစွဲခြင်း ခံရမည် ဖြစ်ပါသည်။**





- FDHs သည် စာချုပ်တွင် သတ်မှတ်ထားသည့် **အလုပ်ရှင်များ၏ နေအိမ်မှလွဲ၍ အခြားနေရာများတွင် အိမ်အကူတာဝန်များကို မလုပ်ဆောင်**သင့်ပါ။

(Myanmar version)



FDHs နှင့်
အလုပ်ရှင်များအတွက်

# အလုပ်ခန့်ထားရေးဆိုင်ရာ ဥပဒေအရ အကာအကွယ်ပေးခြင်း

ဟောင်ကောင်၏ အလုပ်သမားဥပဒေအရ နိုင်ငံရပ်ခြား အိမ်အကူများ (FDHs) သည် **ဒေသခံအလုပ်သမားများကဲ့သို့ တူညီသော အကျိုးခံစားခွင့်များနှင့် အကာအကွယ်များ** ကို ခံစားခွင့်ရှိပါသည်။




ဥပမာ -



- **တရားဝင်ပိတ်ရက်များ**
- **အပတ်စဉ်** တစ်ရက်နားခွင့်
- **နှစ်စဉ်ပေးသော လစာဖြင့်ခွင့်ရက်** (ဝန်ဆောင်မှုပေးသော ကြာချိန်ပေါ် မူတည်၍ 7 ရက်မှ 14 ရက်အထိ)





- **အလုပ်ခန့်ထားမှု အဆုံးသတ်ကြေး သို့မဟုတ် လုပ်သက်ကြေး**



- **မီးဖွားခွင့်နှင့် မီးဖွားစရိတ်**

FDHs နှင့်
အလုပ်ရှင်များအတွက်


# "နေထိုင်မှုလိုအပ်ချက်" နှင့် သင့်လျော်သော နေရာထိုင်ခင်း



- နိုင်ငံရပ်ခြား အိမ်အကူများ (FDHs) သည် စာချုပ်တွင် သတ်မှတ်ထားသည့် **အလုပ်ရှင်များ၏ နေအိမ်တွင်သာ နေထိုင်ပြီး** အလုပ်လုပ်သင့်ပါသည်။



- အလုပ်ရှင်များသည် FDHs အတွက် **သင့်တော်သည့် တစ်ကိုယ်ရေ လုံခြုံမှုနှင့်အတူ သင့်လျော်သော နေရာထိုင်ခင်းများကို** ထောက်ပံ့ပေးသင့်ပါသည်။



- အလုပ်ရှင်များသည် FDHs ကို **စင်္ကြံတွင် ပြုလုပ်ထားသော အိပ်ရာများတွင် အိပ်စက်ရန်** သို့မဟုတ် အရွယ်ရောက် ပြီးသော ဆန့်ကျင်ဘက်လိင် ဆယ်ကျော်သက်တစ်ဦးနှင့် အခန်းတစ်ခန်းတည်း မျှဝေအသုံးပြုရန် **မစီစဉ်ပေးသင့်ပါ။**



- အလုပ်ရှင်များသည် FDHs အတွက် **မရှိမဖြစ်လိုအပ်သော နေရာထိုင်ခင်းများကို အခမဲ့ဖြင့် ပံ့ပိုးပေးသင့်ပါသည်။**


勞工處
Labour Department

အသေးစိတ်အချက်အလက်များအတွက်
www.fdh.labour.gov.hk

FDHs နှင့် အလုပ်ရှင်များအတွက်

# အနည်းဆုံး ခွင့်ပြုလုပ်အားခ



- နိုင်ငံရပ်ခြား အိမ်အကူများ (FDHs) အတွက် လက်ရှိ အနည်းဆုံး ခွင့်ပြုလုပ်အားခ - **တစ်လလျှင် $4,990 ။**



- အလုပ်ရှင်များသည် FDHs အား **အစားအသောက်အခမဲ့** သို့မဟုတ် **တစ်လလျှင် $1,236 ထက် မနည်းသော** စားစရိတ်ထောက်ပံ့ကြေးကို ပေးသင့်ပါသည်။



- အလုပ်ရှင်များသည် လုပ်အားခများကို အလုပ်ကာလ သက်တမ်းကုန်ပြီး **7 ရက်ထက်နောက်မကျဘဲ** FDHs ကို ပေးသင့်ပါသည်။



- FDHs ၏ လုပ်အားခများအပေါ် အလွဲသုံးစားလုပ်သော သို့မဟုတ် လုပ်အားခလျှော့ပေးသော အလုပ်ရှင်များသည် **တရားစွဲဆိုခံရနိုင်ပါသည်။**